### ရေထုညစ်ညမ်းမှု

ညစ်ညမ်းသောရေနှင့် ဆက်စပ်နေသော ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် နှစ်စဉ် လူပေါင်း ၈၂၉,၀၀၀ သေဆုံးနေပါတယ်။ ကမ္ဘာပေါ်ရှိ လူဦးရေ ၂ ဘီလီယံသည် လုံခြုံသော သောက်သုံးရေ ရရှိရန် ချို့တဲ့နေပြီး ၃.၆ ဘီလီယံသည် ကောင်းမွန်၍ လုံခြုံစိတ်ချရသောသန့်ရှင်းရေး ချို့တဲ့နေပါတယ်။

### ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု

ရာသီဥတုပြောင်းလဲမှု အကျပ်အတည်းသည် အပူလှိုင်းများ၊ ရေကြီးရေလျှံမှု၊ အစာရေစာပြတ်လပ်မှုနှင့် ကူးစက်ရောဂါများ ပျံ့နှံ့မှုများကို ဆိုးဝါးစွာဖြစ်ပေါ်စေနိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ သတင်းပေးပို့သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် (နှစ်စဉ်ဖြစ်ပွားမှု ငါးသန်းကျော်အထိ) လွန်ခဲ့သော အနှစ် ၂၀ အတွင်း ၈ ဆခန့်မြင့်တက်လာပါတယ်။ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့လူဦးရေ ၂ ဘီလီယံခန့်ကို သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှု အန္တရာယ်ကျရောက်လာစေပါတယ်။

### ပိုးမွှားများ ပိုမိုတွေ့ရှိလာခြင်း

လူ၊ တိရစ္ဆာန်နှင့် အပင်များကိုပေးသော ပဋိဇီဝဆေးများနှင့် အခြားသောပိုးသတ်ဆေးများသည် ပတ်ဝန်းကျင်သို့ ရောက်ရှိကာ ဆေးခံနိုင်ရည်ရှိသော ပိုးမွှားများနှင့် ပဋိဇီဝဆေးယဉ်ပါးမှုကို ပျံ့နှံ့စေပါတယ်။ ၎င်းသည် ပိုးသတ်ဆေးအမျိုးအစားများစွာကို ခံနိုင်ရည်ရှိသော ပိုးမွှားများအဖြစ် ပေါ်ပေါက်လာစေပါတယ်။



# တို့နေထိုင်ရာ တို့ကမ္ဘာ၊ တို့ကျန်းမာဖို့ စောင့်ရှောက်ပါ။

## ကျန်းမာခြင်းဖြင့် ချမ်းသာသော လူ့အဖွဲ့အစည်းကို တည်ဆောက်မည်။

သန့်ရှင်းသောလေ၊ ရေနှင့် အစားအစာအားလုံးကို လူတိုင်းရရှိနိုင်သည့် ကမ္ဘာကြီးကို ကျွန်ုပ်တို့ ပြန်လည်ပုံဖော်နိုင်ပါတယ်။ ကျန်းမာရေးနှင့် ချမ်းသာရေးကို အလေးထားသော စီးပွားရေးလုပ်ငန်းများ တည်ရှိပြီး လူတွေက သူတို့ရဲ့ ကျန်းမာရေးနဲ့ ကမ္ဘာမြေရဲ့ ကျန်းမာရေးကို ထိန်းချုပ်နိုင်ပြီး နေထိုင်ဖို့ ကောင်းတဲ့မြို့တွေရှိတဲ့ ကမ္ဘာမြေအဖြစ် ပြန်လည်ပုံဖော်နိုင်ပါတယ်။ ထိုကမ္ဘာကြီးကို ကျွန်ုပ်တို့ရဲ့ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များဖြင့် စတင်နိုင်ပါတယ်။

### ဆေးလိပ် နှင့် ဆေးရွက်ကြီး

ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်မှု၊ ဈေးကွက်ရှာဖွေရေးနှင့်သောက်သုံးခြင်းများသည် ပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေပါတယ်။ စီးကရက်ဖင်စီခံများသည်လည်း ကမ္ဘာပေါ်တွင် အပေါများဆုံးသော ပလတ်စတစ် အမှိုက်ပုံစံဖြစ်ပြီး နှစ်စဉ် အဆိပ်သင့်အမှိုက် ကီလိုဂရမ် ၇၆၇,၀၀၀ ထွက်ရှိပါတယ်။

### ကျန်းမာရေး စောင့်ရှောက်မှု

ဘေးကင်းလုံခြုံစွာ စီမံခန့်ခွဲမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုစွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်များတွင် ဆေးထိုးအပ်မှတဆင့် ကူးစက်တတ်သော (အသည်းရောင်အသားဝါ **B** နှင့် **C**)၊ နှင့် အခြားကူးစက်တတ်သောရောဂါများအန္တရာယ်၊ ကျန်းမာရေးစောင့်ရှောက်မှုမှ ထွက်လာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို မီးရှို့ရာမှ ကင်ဆာဖြစ်စေနိုင်သော ဒိုင်အောက်စင်နှင့် **Furans** တို့ကို ရှူရှိုက်မိခြင်းတို့ ပါဝင်ပါတယ်။

### သန့်ရှင်းသောကမ္ဘာမြေ

လူဆယ်ဦးတွင်ကိုးဦးသည် ညစ်ညမ်းသောလေကို ရှူရှိုက်နေရပြီး နှစ်စဉ် လူ ၇ သန်းခန့် သေဆုံးလျက်ရှိပါတယ်။ ရုပ်ကြွင်းလောင်စာများကို မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်စေပြီး (နောက်ဆက်တွဲအနေဖြင့်) တစ်မိနစ်လျှင် လူ ၁၃ ဦး သေဆုံးစေသည့် အဆုတ်ကင်ဆာ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ရုပ်ကြွင်းလောင်စာများကို မြေကြီးထဲတွင် ထားရှိကာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စွမ်းအင်ဖြေရှင်းချက်များကို လက်ခံကြပါစို့။

World Health Organization
Myanmar